စိမ့်စိမ့်အေး

# ဝိညာဉ်လိပ်ပြာ
# နှင့်
# အခြားဂမ္ဘီရဝတ္ထုတိုများ



# ဝိညာဉ်လိပ်ပြာ (က)

## (၁)

စာကြည့်ခန်းအလယ်မှ ဘဲဥပုံ မဟော်ဂနီရောင် စားပွဲကြီးတွင် လူလေးယောက် ဝိုင်းပြီး ထိုင်နေ ကြ၏ ။ စားပွဲထိပ်တွင် ထောင်ထောင်မောင်းမောင်း အသားလတ်လတ် ဆံပင်ပါးပါး နားရွက်ကားကား မျက်ခုံး ထူထူဖြင့် သပ်ရပ်ခန့်ညားသော အသက်ဖ၀ခန့်ရှိ 'စိတ်'ပါရဂူ ပရော်ဖက်ဆာ ဦးသံစစ်သည် ထည်ဝါသော အသံ ဖြင့် ကျန်သုံးဦးကို ဝိညာဉ်လိပ်ပြာအကြောင်း သင်ကြားပို့ချနေ၏ ။

''လူတွေအိပ်ပျော်တဲ့ အခါမှာ ဝိညာဉ်ဟာ ခန္ဓာကိုယ်က ခွာပြီး ဝိညာဉ်လောကကို လွှင့်သွားပြီး ပထဝီမြေကြီးပေါ်မှာ အိပ်ပျော်နေတဲ့ အခြားခန္ဓာကိုယ်က ထွက်လာတဲ့ ဝိညာဉ်တွေနဲ့ တွေ့ဆုံကြတယ်''

ပရောဖက်ဆာ ဦးသံစစ်နှင့် မျက်နှာချင်းဆိုင်ရှိ အရပ်ခပ်ပျပ်ပျပ် အသားဖြူဖြူနှင့် 'သျှားလူ' က မေးမြန်းလိုက်၏ ။

''တစ်ချို့လူတွေက အိမ်မက် မမက်တတ်ဘူးလို့ ပြောကြပါတယ် ဆရာကြီး.. အဲဒီ လိုလူ ရှိပါသ လား''

''မဟုတ်ပါဘူး.. အိမ်မက်မမက်တတ်ဘူးလို့ ပြောတဲ့ လူတွေဟာ .. တကယ်ဆိုရင် .. နိုးလာ တဲ့ အခါ ကိုယ့်အိမ်မက် ကိုယ်ပြန်သတိမရကြလို့ ဘဲ.. အိပ်ပျော်တဲ့ လူတိုင်း အိမ်မက်မက်ကြပါတယ်.. အိမ်မက်ဆိုတာ လိပ်ပြာလွှင့်သွားပြီး သွားခဲ့လာခဲ့ တွေ့ဆုံခဲ့တာတွေကို တပိုင်းတစ အဆက်အစပ်မရှိ ထွေးရော မှတ်မိနေကြတာလေ''

ပရောဖက်ဆာကြီး၏ဘေးဘက်တွင် ထိုင်နေသော ပိန်ပိန်ပါးပါး လူရွယ်လေး ''ရွှေသိုက်'' က ဆွေးနွေးပြန်၏။

''ည အ ချိ န် မှာ အိပ်ပျော်သွားပြီး ဝိညာဉ်လိပ်ပြာလွင့်တဲ့ အခါ ရောက်ခဲ့သမျှ လုပ်ခဲ့သမျှကို မှတ်မိ အောင် ဘယ်လိုလုပ်ရမလဲ ဆရာကြီး''

''အဲဒါတွေ မှတ်မိအောင် လေ့ကျင့်ရမယ် .. အလေ့အကျင့်ရင့်ကျက်လာတဲ့ အခါ လူတစ်ယောက်ဟာ နိုးနေချိန်နဲ့ အိပ်ပျော်နေချိန် တသားတည်းဖြစ်သွားပြီး တွေးတောကြံဆမှုတွေလည်း တဆက်တည်း ဖြစ်သွားမယ်''

''ကိုယ့်အိမ်မက်တွေကို ထင်ထင်ရှားရှားမှတ်မိအောင် လေ့ကျင့်ထားတဲ့ လူအဖို့ နောက်တဆင့် တက်ပြီး ကိုယ့်ဝိညာဉ်လိပ်ပြာကို ကိုယ်သွားချင်တဲ့ နေရာကို လွှတ်နိုင်အောင် လေ့ကျင့်ရမယ်''

ပရောဖက်ဆာကြီး၏ညာဘက်တွင် ထိုင်နေသော 'သံဒိတ်'သည် စိတ်ဝင်တစား နားထောင်နေရာ မှ သူသိချင်သည် ကို မေးမြန်းလိုက်သည် ။ 'သံဒိတ်'သည် ပရောဖက်ဆာကြီး၏အမမှ မွေးသော တူအရင်းဖြစ်၍ ပရောဖက်ဆာကြီး၏ အချစ်တော် ဖြစ်၏။

''ဝိညာဉ်လိပ်ပြာကို ကိုယ်သွားစေလိုတဲ့ နေရာကို လွှတ်နိုင်အောင် ဘယ်လိုလေ့ကျင့်မလဲ အချိန် ဘယ်လောက်ကြာနိုင်ပါသလဲ''

''မှန်တယ် 'ဒိတ်' မေးသင့်တယ်.. အဲဒီ အဆင့်ရောက်ဖို့ က မလွယ်လှဘူး.. ဘေးက အဆောင် အယောင်တွေ ဘယ်လိုလုပ်လုပ် မရဘူး..ကိုယ့်စိတ်ကို ကိုယ်လေ့ကျင့် အားထုတ်မှ ရနိုင်မယ်.. အဲဒီ အခြေအနေရောက်ဖို့ အချိန်ကာလ သတ်မှတ်လို့ မရဘူး..မိမိအပေါ်

မူတည်တယ်''

''လေ့ကျင့်မှု အောင်မြင်တဲ့ အခါ ကိုယ်တွေ့ချင်တဲ့ သူဆီ ဝိညာဉ်လိပ်ပြာလွင့်ဖို့ အာရုံပြုအိပ်လိုက် ရင် မနက်နိုးတော့ ညကတွေ့ခဲ့ရတာ တွေ အားလုံး မှတ်မိနိုင်တယ်''

''ကဲ ..ဒီနေ့တော့ .. ဒီလောက်ဘဲ .. နောက်နေ့မှ ဆက်ဆွေးနွေးကြတာပေါ့''

*******

# (၂)

ပရောဖက်ဆာ ဦးသံစစ်၏ တိုက်ကြီးသည် ရန်ကုန်မြို့ ဖမိုင်ခွဲ အင်ယားကန်နဘေးတွင် တည်ရှိပြီး သစ်ပင် ပန်းမာလာများ စိမ်းညို့ဝေဆာနေသော ခြံကျယ်ကြီးအတွင်း၌ ရှိ၏ ။ ဦးသံစစ်၏ အဘိုး ဦးသံဒိုင် လက်ထက်မှ စ၍ လိပ်ပြာလွင့်ခြင်းပညာကို စိတ်ဝင်တစား တစိုက်မက်မက် လေ့ကျင့် လိုက်စားခဲ့ကြသည် ။ ပရောဖက်ဆာ ဦးသံစစ်လက်ထက်တွင် ''စိတ်''နှင့်ပတ်သက်သော ပါရဂူဘွဲ့ရခဲ့ပြီး တူဖြစ်သူ ''သံဒိတ်'' နှင့် သူငယ်ချင်းနှစ်ဦးကို လိပ်ပြာလွင့်ခြင်း အတတ်ပညာကို လေ့ကျင့်ပေးနေလေသည် ။

ပရောဖက်ဆာ ဦးသံစစ်နှင့် လူရွယ်သုံးဦး၏ ဆွေးနွေးပွဲ ပြန်စပြန်သည် ။ ဦးသံစစ်၏ သင်ကြား ချက်ကို စိတ်ဝင်စားစွာ နားထောင်နေကြသည် ။

''လူတစ်ဦးဟာ ဝိညာဉ်လိပ်ပြာလွင့်နေစဉ်မှာ ကျန်ခဲ့တဲ့

ခန္ဓာကိုယ်ကို တနည်းနည်းနဲ့ အန္တရာယ် ပြုလိုက်ရင် ဝိညာဉ်လိပ်ပြာ ပြန်မလာနိုင်တော့ဘူး.. ဝိညာဉ်လိပ်ပြာ နဲ့ ခန္ဓာကိုယ်ကို မမြင်ရသော ကြိုးနဲ့ ဆက်သွယ်ထားတယ်.. ဒီကြိုးကို ဖြတ်လိုက်ရင် လူသေသွားနိုင်တယ်''

''ဒါဆိုရင် .. လိပ်ပြာလွင့်နေတဲ့ အချိန်မှာ ..ကျန်တဲ့ ခန္ဓာကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ရမဲ့ သဘောပါလား'' ရွှေသိုက်၏ အမေးစကားကို ပရောဖက်ဆာက ပြန်ဖြေလေသည်။

''မှန်တယ်.. ရွှေသိုက်.. အကောင်းဆုံးက တစ်ယောက် လိပ်ပြာလွင့်ရင် ကျန်တဲ့ ခန္ဓာကိုယ်ကို နဘေးက တစ်ယောက်က စောင့်ရှောက်ရမယ်''

''ဝိညာဉ်လိပ်ပြာလွင့်နေချိန်မှာ လဲ အန္တရာယ်ရှိနိုင်ပါသလား''

''ရှိတာပေ့ါ .. သိပ်ရှိတာပေ့ါ .. အထူးသဖြင့် အောက်လမ်းအတတ်ပညာကို လိုက်စားတဲ့ ဝိညာဉ်လိပ်ပြာတွေရဲ့ အနှောက်အယှက် အတိုက်အခိုက်ကို ခံရတတ်တယ်''

''အန်ကယ်လဲ .. ဒီလောကကြီးမှာ အောက်လမ်းနဲ့ အထက်လမ်း ပညာဆိုတာ ရှိတယ်လို့ သိရ ပါတယ်.. ဘယ်လို ပညာတွေပါလဲ''

တူတော်မောင် သံဒိတ်၏ စကားအဆုံးတွင် ပရောဖက်ဆာကြီးသည် တူတော်မောင်ကို ချစ်စနိုးဖြင့် ပြုံးပြီး ကြည့်လိုက်၏။

''လောကကြီးမှာ အလင်းနဲ့ အမှောင် အကောင်းနဲ့ အဆိုး အမြဲလိုပင် အားချင်းပြိုင်နေကြတယ်.. ဒါကြောင့်လည်း အထက်လမ်းနဲ့ အောက်လမ်း ပေါ်လာတာဘဲ.. အထက်လမ်းရဲ့ ရည်ရွယ်ချက်က မိမိတို့ ရဲ့ နာမ် ဒါမှ မဟုတ် ဝိညာဉ်ကို အစင်ကြယ်ဆုံး အမြင့်မြတ်ဆုံးအဖြစ်

ရောက်အောင် အားထုတ်ကျင့်ကြံကြတယ်. အဲဒီ အခါ ဝိညာဉ်တွေဟာ အလင်းရောင်ဓါတ်အား ဖြစ်သွားနိုင်တယ်.. အဓိပ္ပါယ်ကတော့ ထွက်ရပ်ပေါက် သွားတာပေါ့''

ကောင်းတဲ့ တရားကို အပတ်တကုတ် အားထုတ်တဲ့ အတွက် တန်ခိုးရနိုင်တယ်.. မကောင်းတဲ့ တရားကို အားထုတ်လို့ တော့ ထူးဆန်းတဲ့ တန်းခိုးတွေ မရနိုင်ဘူးလား .. အဲဒီ ထူးဆန်းတဲ့ တန်းခိုးဟာ အောက်လမ်းပေါ့''

''မှောင်တဲ့ ညအချိန်နဲ့ လင်းတဲ့ နေ့အချိန်ဟာ တူညီနေသလို အမှောင်ရဲ့ အင်အားကလည်း ကမ္ဘာဦး တုံးကလိုဘဲ အားကောင်းနေတယ်.. ကမ္ဘာ့သမိုင်းတလျှောက်မှာ ဘာသာရေးဂိုဏ်းအချို့ဟာ လျှို့ဝှက်စွာနဲ့ ကျင့်ကြံအားထုတ်ကြတယ်.. အသက်ရှည်တဲ့ နည်း ခဲကနေ ရွှေဖြစ်တဲ့ နည်းတွေ တွေ့ခဲ့ကြတယ်''

''အထက်လမ်းက အမှောင်ခွင်း အလင်းဆောင်ဖို့ ကြိုးစားကြသလို အောက်လမ်းကလည်း အမှောင်ထွန်းပြီး အလင်းပျောက်အောင် ကြိုးစားကြတယ်''

''ဆရာကြီးခင်ဗျား .. အောက်လမ်းကြောင့် ကမ္ဘာကြီး ပျက်စီးဆုံးရှုံးသွားနိုင်ပါသလား''

''လောကကြီးမှာ မေတ္တာတရားရှိရင် ဒေါသရှိတာဘဲ.. သုခရှိရင် ဒုက္ခရှိမယ်.. ဒါနရှိရင် လောဘရှိတယ်.. သူတော်ကောင်းရှိရင် မိုက်မဲတဲ့ လူယုတ်မာရှိတယ်.. သဘာဝ တရားရဲ့ ဆန့်ကျင်ဘက် အားပြိုင်မှုကြောင့် အောက်လမ်းရှိရင် အထက်လမ်းရှိမယ်.. အောက်လမ်းက ကမ္ဘာကြီးကို ဖျက်ဆီးရင် အထက်လမ်းက ဖန်တီးမယ်.. ဒါကြောင့် ကမ္ဘာကြီး မပျက်နိုင်ဘူး''

''အန်ကယ်.. ကမ္ဘာမှာ အောက်လမ်းအများ ဆုံးက ဘယ်နေရာလဲ''

''အာဖရိက လူရိုင်းတွေဟာ.. အောက်လမ်းပညာ ကျွမ်းကျင်တဲ့ မှော်ပညာသည် ပေါ့ .. အာဖရိကမှာ အများ ဆုံးဘဲ ဒိတ်''

''ကဲ .. မနက်ဖန်ညတော့ .. မင်းတို့ ကို လိပ်ပြာလွှင့်တဲ့ လေ့ကျင့်မှုလုပ်ပေးမယ်..ညစာ ဒီမှာ လာစားကြ''

*******

# (၃)

ညစာစားပြီး ပရောဖက်ဆာ ဦးသံစစ်နှင့် လူရွယ်သုံးဦးသည် ဝိညာဉ်လိပ်ပြာလွှင့်သော အခန်းသို့ လာခဲ့ကြ၏ ။ အခန်းမှာ ထောင့်ကိုးထောင့် ပုံသဏ္ဍာန်ရှိပြီး မြေအောက်သို့ အနည်းငယ်ချ၍ ဆောက်ထား၏ ။ ကြမ်းမှာ ပြောင်ချောပြီး ဖိတ်ဖိတ်တောက်နေကာ တခန်းလုံး အေးချမ်းဆိတ်ငြိမ်နေ၏ ။

ပရောဖက်ဆာကြီးသည် သူ၏ အိတ်ကြီးထဲမှ ညဝတ်အကျႌအသစ်နှင့် အိမ်ပေါ်စီး အဝတ်ဖိနပ် အသစ်များ ခေါင်းအုံးအသစ်များကို ထုတ်၍ ဘေးတွင် ချထားလိုက်သည် ။ ထို့နောက် မြေဖြူခဲတခဲနှင့် မျဉ်းတံ တခုကို ထုတ်ယူပြီး အခန်းအလယ်ကောင်တည့်တည့်နေရာကို မှတ်၍ ကြိုးတစ်ချောင်းကို သံဒိတ်အား ကိုင်စေ ပြီး ခုနှစ်ပေတိတိတိုင်းယူသည် ။ ထိုကြိုးဖြင့် မြေဖြူခဲဖြင့် စက်ဝန်းတခု ဆွဲသည် ။ကြိုးကို အရှည်ပိုယူပြီး အပြင်ဘက် စက်ဝန်းတခု ထပ်ဆွဲပြန်သည် ။ အပြင်စက်ဝန်းနှင့် အချွန်၅ခုစလုံး

ထိနေသော ထောင့်အချွန်၅ခုပါ ကြယ်ကြီးတလုံး ဆွဲလိုက်သည် ။ အတိုင်းအထွာများ တိကျရန် ပရောဖက်ဆာ ကိုယ်တိုင် နာရီဝက်ခန့် ဆွဲရလေ သည် ။ အတွင်းစက်ဝန်းတလျှောက်တွင် အင်းဆံများ ထူးဆန်းသော အရုပ်များ ဆွဲပြန်၏ ။ နောက်ဆုံးတွင် အချွန်၅ခုရှိ ကြယ်စည်းဝိုင်းအတွင်း သန့်ရှင်းသော ခေါင်းအုံး မွေ့ယာများ ဖြင့် အိပ်ယာတခု ခင်းထားလိုက် သည် ။

''ကဲ .. ပထမဆုံး ''ရွှေသိုက်''က လိပ်ပြာလွှင့်ရမယ်.. ဆရာက လိုက်စောင့်ရှောက်မယ် .. တို့ နှစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို သျှား နဲ့ ဒိတ်က ကာကွယ်စောင့်ရှောက်ရမယ်.. ညဝတ်အင်္ကျီ နဲ့ ဖိနပ်တွေ ဝတ်ကြ''

ထို့နောက် ပရောဖက်ဆာကြီးသည် ဖန်တကောင်းတခုတွင် မြေအောက်ရေတွင်းမှ ခပ်ထားသော ရေကို ထည့်၍ လက်ယာဘက် လက်ညှိုးနှင့် လက်ခလယ်ကို နှစ်ကာ မျက်လုံးစိုက်ကြည့်ပြီး အာရုံပြုသည် ။ ငွေဖလား ၅လုံးတွင် ထိုရေကို မပြည့်တပြည့် ထည့်ပြီး ကြယ်ပွင့်၏ အကွက်တကွက်စီတွင် ထားသည် ။ ကြယ်ပွင့် ၏ အချွန် ၅ခုတွင် ဝါဆိုဖယောင်းတိုင်ကြီး ၅တိုင်ကို စိုက်လိုက်သည် ။ သံမြင်းခွာများကို မန်းမှုတ်ပြီး မြင်းခွာ၏ အဝများကို အပြင်ဘက်လှည့်၍ ဖယောင်းတိုင်နားတွင် ထားလိုက်သည် ။

''ည ၉နာရီတိတိမှာ လိပ်ပြာလွှင့်မယ် .. ဒိတ် နဲ့ သျှားက စောင့်ကြည့်နေရမယ်.. အိပ်မပျော် စေနဲ့ .. အန္တရာယ် မရှိရင် တို့ ကို မနှိုးရဘူး.. အလိုလို နိုးလာလိမ့်မယ်''

အိပ်ဖန်စောင့်မည့် သံဒိတ် နဲ့ သျှားလူကို လက်ဖွဲ့များ အဆောင်များ ပါသော ကြိုးများ နှင့် စိတ်ပုတီးများ စွပ်ထားပေးလိုက်သည် ။

ထို့နောက် ကြယ်စည်းဝိုင်းအတွင်း ပြင်ထားသော အိပ်ယာပေါ်တွင် ရွှေသိုက်ကို အိပ်စေသည် ။ ပရောဖက်ဆာကြီးက ဖယောင်းတိုင်မီးများ ထွန်းညှိလိုက်ပြီး လျှပ်စစ်မီးများ ပိတ်လိုက်သည် ။ ရွှေသိုက်နှင့်ယှဉ်၍ စည်းဝိုင်းအပြင်ဘက်တွင် ပရောဖက်ဆာကြီးအတွက် အိပ်ယာခင်း၍ အိပ်လိုက်၏ ။ သံဒိတ် နဲ့ သျှားလူသည် အိပ်နေသူ တစ်ဦးစီ၏ ခြေရင်းတွင် ခုံကလေးများ ခင်း၍ ထိုင်ပြီး ကြည့် နေကြ၏ ။

တခန်းလုံးတိတ်ဆိတ်ငြိမ်သက်နေပြီး ဘာသံမှ မကြားရတော့ချေ။ ရွှေသိုက်သည် ဖယောင်းတိုင်များ ရေဖလားများကို ကြည့်ရင်း အသက်မှန်မှန်ရှူကာ အိပ်ပျော်သွားလေသည် ။

*******

## (၄)

ရွှေ သို က် ၏ ဝိညာဉ်လိပ်ပြာသည် ခန္ဓာကိုယ်မှ ထွက် လာပြီး ခန္ဓာကိုယ်ကို ပတ်ဝဲပျံသန်းနေ၏ ။ တဖြေးဖြေး အားပြည့်လာသောအခါ စက်ဝိုင်းအပြင်သို့ ပျံထွက်လာရာ စောင့်ကြိုနေသော ပ ရော ဖ က် ဆာ ကြီး ၏ ဝိညာဉ်လိပ်ပြာကို တွေ့လိုက်ရပြီး နှစ်ဦးသား ယှ ဉ် တွဲ ၍ အိမ်မှ ထွက်ကာ ပြည်လမ်းအတိုင်း ပျံသန်းလာကြ၏ ။ ဝိညာဉ်လိပ်ပြာများ သည် လျှင်မြန်စွာ ပျံသန်းနိုင်စွမ်းရှိရာ ခဏချင်း အင်းယားကန်ဘောင်ပေါ် ရောက်လာကြ လေသည် ။

ဆရာတပည့် ဝိညာဉ်လိပ်ပြာ နှစ်ကောင်သည် အတူယှဉ်တွဲပြီး ရန်ကုန်မြို့အနှံ့ ပျံသန်းနေကြ၏ ။ မြို့အစွန်သို့ အရောက်တွင် ရွှေသိုက်ကို တစ်ဦးတည်း လွှတ်ပေးလိုက်ပြီး ပရောဖက်ဆာကြီးက

မလှမ်းမကမ်းမှ လိုက် လာလေသည် ။ ရွှေသိုက်၏ ဝိညာဉ်လိပ်ပြာသည် လျှင်မြန်ပေ့ါပါးစွာ ပျံသန်းရင်း ပတ်ဝန်ကျင်တွင် ပျံသန်း နေသော ဝိညာဉ်လိပ်ပြာ အမျိုးမျိုးကို ငေးမောနေ၏ ။ ထိုအချိန်တွင် မုတ်ဆိတ်ဖါးလျားဖြင့် ဝိညာဉ်လိပ်ပြာ တစ်ကောင်သည် ရွှေသိုက်ထံ တဟု န်ထိုး ပျံသန်း လာပြီး တိုက်ခိုက်တော့၏ ။ မလယ်မဝယ် ယခုမှ လိပ်ပြာ စလွင့်သော ရွှေသိုက်၏ ဝိညာဉ်လိပ်ပြာသည် အလူးအလဲ ခံနေရ၏ ။

နောက်ဆုံး မုတ်ဆိတ်ကြီးက ရွှေသိုက်၏ လိပ်ပြာကို ဖမ်းချုပ်လိုက်ပြီး လိပ်ပြာကို ခေါ်ယူသွား မည်အပြု ပရောဖက်ဆာကြီးက ဝင်ရောက်တိုက်ခိုက်တော့၏ ။ မုတ်ဆိတ်ကြီးလက်မှ လွတ်သွားသော ရွှေသိုက် ၏ လိပ်ပြာသည် ပရောဖက်ဆာနှင့် မုတ်ဆိတ်တို့ ၏ တိုက်ပွဲကို စိတ်ဝင်တစား ကြည့်နေလေသည် ။ လိပ်ပြာလွင့် ခြင်းပညာတွင် အဆင့် ၇ဆင့်ရှိပြီး ပရောဖက်ဆာ ဦးသံစစ်သည် ပညာအဆင့် ၅ဆင့် ရောက်နေပြီ ဖြစ်၏ ။ ပရောဖက်ဆာ ဦးသံစစ်သည် လေ့ကျင့်အားထုတ်၍ တဆင့်ပြီးတဆင့် တက်လာရာ အဆင့်၅ဆင့်တွင် တန်ခိုး ဣဒ္ဓိပတ်လည်း အတော်ရှိနေလေပြီ။ ထို့ကြောင့် မုတ်ဆိတ်ကြီးကို အလွယ်တကူ အနိုင်ရလိုက်၏ ။ မုတ်ဆိတ်ကြီး၏ ဝိညာဉ်လိပ်ပြာ ထွက်ပြေးသွားသောအခါ ပရောဖက်ဆာက ဆက်မလိုက်တော့ဘဲ ရွှေသိုက်ကို ခေါ်၍ အိမ်ပြန်လာကြလေသည် ။

*******

ရွှေ သို က် ၏ ဝိညာဉ်လိပ်ပြာသည် မိမိ၏ ခန္ဓာကိုယ်ထဲသို့ ဝင်လိုက်ရာ ရွှေသိုက်၏ ခန္ဓာကိုယ် သည် လူးလွန့်၍ နိုး လာပြီး ထထိုင်လိုက်၏ ။ ပရောဖက်ဆာကြီးလည်း နိုး လာပြီ ဖြစ်၏ ။ အိပ်ရာခြေရင်းတွင် ထိုင်နေကြသော သံဒိတ် နဲ့ သျှားလူသည် ရွှေသိုက်ကို စိတ်ဝင်စားစွာ ကြည့်နေကြ၏ ။ အားလုံး ခေတ္တခဏ အနားယူလဲလျောင်းနေကြပြီး လေးယောက်သား ရေမိုးချိုးကာ ကားတစ်စီးဖြင့် နံနက်စာ ထွက်စားကြ၏ ။ စားသောက်ပြီးသောအခါ ညအတွက် ချိန်းဆိုပြီး လမ်းခွဲလိုက်ကြလေသည် ။

လိပ်ပြာလွင့်သောအခန်းသို့ မဝင်မီ ညက အတွေ့အကြုံများကို ဖလှယ်ကြ၏ ။ ''မင်းတို့ စောင့် ကြည့်နေတုံး ရွှေသိုက်ရဲ့ ခန္ဓာကိုယ်နဲ့ စက်ဝိုင်းထဲက ဖယောင်းတိုင်တွေက ဘယ်လို အခြေအနေရှိလဲ''

''ည ဦး ပိုင်း မှာ အားလုံးငြိမ်သက်နေပါတယ် .. ၂နာရီလောက်မှာ ရွှေသိုက် နဲနဲ လွန့်လွန့်လူးလူး ဖြစ် လာပြီး ဖယောင်းတိုင်မီးတွေလဲ .. လေတိုက်သလို မီးညွန့်တွေ တဟုတ်ဟုတ် ဖြစ်နေပါတယ်''

''မှန်တယ် .. အဲဒီ အချိန်မှာ ရွှေသိုက်ရဲ့ လိပ်ပြာဟာ ရန်သူရဲ့ အတိုက်အခိုက် ခံနေရချိန်ဘဲ .. ကံကောင်းထောက်မစွာနဲ့ အောက်လမ်းပညာအဆင့် သိပ်မမြင့်သေးတဲ့ ဝိညာဉ်လိပ်ပြာမို့ ရွှေသိုက် ကံကောင်း သွားတယ်.. လိပ်ပြာလွင့်ချိန်မှာ ရန်သူတွေပေါ်တတ်တယ်.. လူ့ဘဝက ရန်သူဟောင်းနဲ့ တွေ့တတ်သလို ပညာစမ်းချင်တဲ့ ပညာရှင်တွေနဲ့ လည်း တွေ့တတ်တယ်''

''ဝိညာဉ်လိပ်ပြာလွင့်နေချိန်မှာ အိပ်မပျော်တဲ့ သာမာန်လူတွေက မြင်နိုင်ပါသလား ဆရာကြီး''

''လိပ်ပြာလွင့်ကြတဲ့ အချင်းချင်းကဘဲ မြင်နိုင်ကြတယ်..

သာမာန်လူတွေက မြင်လည်း မမြင်နိုင် ဘူး.. အဆက်အသွယ်လည်း မလုပ်နိုင်ဘူး''

''အန်ကယ်လည်း လိပ်ပြာလွှင့်တဲ့ ပညာနဲ့ လူတွေကို အကျိုးပြုနိုင်သလား''

''မေးသင့်ပါတယ် .. ဒိတ် .. ဒုတိယကမ္ဘာစစ်ကြီးတုန်းက ဂျာမန်နာဇီတွေဟာ စစ်နိုင်ဖို့ အောက်လမ်း လောကီမှော်ပညာနည်းတွေ သုံးခဲ့ကြတယ်.. ဝိညာဉ်လိပ်ပြာလွှင့်ပြီး စစ်ရေးလျှို့ဝှက်ချက်တွေကို ခိုးယူကြတယ်.. အဲဒီ ဂျာမန်နာဇီတွေကို အင်္ဂလန်မှာ ရှိတဲ့ အထက်လမ်းပညာရှင်တွေက ဝိညာဉ်လိပ်ပြာလွှင့်ပြီး အနိုင်ယူခဲ့ကြတယ်''

''မင်းတို့ လည်း လိပ်ပြာလွှင့်တဲ့ အတတ်ကို ကြိုးစားလေ့ လာပြီး .. အမျိုးဘာသာ သာသနာကို စောင့်ရှောက်ကြ''

*******

## (၆)

ယနေ့ညတွင် သျှားလူ နှင့် သံဒိတ်တို့ တလှည့်စီ လိပ်ပြာလွှင့်ကြမည်။ ညဦးပိုင်းတွင် သျှားလူ သန်းခေါင်ကျော်တွင် သံဒိတ် တို့ လိပ်ပြာလွှင့်ရန် စီစဉ်ကြသည် ။

ပရောဖက်ဆာဦးသံစစ်သည် စက်ဝိုင်းများ နှင့် ကြယ်ပွင့်တွင် မြေဖြူပျက်ရာ ရှိမရှိ စစ်ဆေးပြီး ရေကို မန်းမှုတ်၍ ကြယ်ငါးထောင့်ရှိ ငွေဖလား ၅လုံးတွင် ဖြည့်ထားသော ရေများကို လဲလှယ်စေသည် ။

ဖယောင်းတိုင်အသစ် ၅တိုင်ကို စိုက်ထားလိုက်သည် ။ ရှေးဦးစွာ သျှားလူကို စက်ဝိုင်းအတွင် ဝင်၍ အိပ်စေပြီး ပရောဖက်ဆာက စက်ဝိုင်းနဘေးတွင် အိပ်ယာခင်း၍ အိပ်သည် ။ အိပ်ယာနှစ်ခုလုံး၏ ခြေရင်းတွင် ရွှေသိုက် နှင့် သံဒိတ်သည် ဖုံလေး ၂ခုပေါ်တွင် ထိုင်နေကြလေသည် ။

ဖယောင်းတိုင်မီးများ ထွန်းညှိပြီး လျှပ်စစ်မီးများ ငြိမ်းလိုက်သောအခါ တခန်းလုံး တိတ်ဆိတ် အေးမြသွားတော့သည် ။ သျှားလူသည် စိတ်ကို လျှော့၍ အသက်မှန်မှန်ရှူရင်း တဖြေးဖြေးအိပ်ပျော်သွားလေ သည် ။

သျှား လူ ၏ လိပ်ပြာသည် ခန္ဓာကိုယ်မှ ထွက် လာပြီး စက်ဝိုင်းအတိုင်းပတ်၍ ပျံသန်းနေရာမှာ ပရောဖက်ဆာ၏ လိပ်ပြာနှင့် အတူ အိမ်ပြင်သို့ ပျံသန်းသွားကြ၏ ။ လိပ်ပြာနှစ်ကောင် ထွက်သွားပြီး မကြာမီ တခန်းလုံး အအေးလှိုင်းဖြတ်သကဲသို့ အေးစက် လာပြီး ဖယောင်းတိုင်မီးများ လည်း တဖြေးဖြေး မှိ န်လာ၏ ။ သံဒိတ်သည် ပြောင်းလဲလာသော အခြေအနေကို ကြည့်ပြီး

''ရွှေသိုက် .. သတိထား.. ရန်သူ'' ဟု အော်လိုက်ပြီး အခန်းထောင့်ရှိ စင်လေးတွင် တင်ထား သော သိဒ္ဓိဝင် မော်ကြိမ်လုံး အရှည်ကြီးကို ယူ၍ အခန်းထဲတွင် ဝှေ့ယမ်းလေသည် ။ တိတ်ဆိတ်နေသော အခန်းထဲတွင် ကြိမ်လုံးသံ တရွှမ်းရွှမ်းမြည်နေပြီး ရွှေသိုက်သည် ကြယ်ထောင့်မှ ငွေဖလားကို ယူပြီး အခန်းကို ရေမန်းဖြင့် တောက်ဖြန်း၏ ။ ပရောဖက်ဆာ၏ ခန္ဓာကိုယ်အနီးတွင် ကြိမ်လုံးဖြင့် ဝှေ့ယမ်းလိုက်ရာ 'ဘုန်း'ကနဲ တခုခုကို ရိုက်မိသွားသလို ခံစားလိုက်ရပြီး မြွေတွန်သံကဲ့သို့ 'ရှီး ..ရှီး' နှင့် မြည်သွားလေသည် ။

ထို့နောက် အခန်းတွင်းမှ အအေးဓါတ်လျော့သွားပြီး ဖယောင်းတိုင်မီးများ လည်း ပြန်လင်းလာ၏ ။ သံဒိတ် နှင့် ရွှေသိုက် တိုင်ပင်ကြပြီး ပရောဖက်ဆာကြီး၏ ကိုယ်ခန္ဓာကိုယ်ကို ပုတ်၍ နှိုးလိုက်ကြသည် ။ ချက်ချင်းလိုလို ပရောဖက်ဆာကြီး နိုး လာပြီး သျှားလူလည်း နိုးလာ၏ ။ အခြေအနေအရပ်ရပ်ကို ကြားသိသွားသောအခါ ပရောဖက်ဆာက သုံးသပ်၏ ။

''အောက်လမ်းသမား တယောက် ဝင်လာတာဘဲ.. ဘယ်လို ခြေရာခံမိသွားပါလိမ့် .. သံဒိတ် နှင့် ရွှေသိုက် မင်းတို့ နှစ်ယောက် လုပ်တာ မှန်တယ်.. အဲဒီ လိုမလုပ်ရင် ဒီကောင်က ငါ့ရဲ့ လိပ်ပြာကြိုးကို ဖြတ် လိမ့်မယ်.. သျှားလူကတော့ စက်ဝိုင်းထဲမှာ ဆိုတော့ အကာအကွယ်ရှိတယ် .. ကြိမ်လုံးစာ မိပြီး ဒီကောင် ဒဏ်ရာရသွားပုံဘဲ.. ကဲ .. ဒီကောင် ဝင်လာတဲ့ လမ်းကြောင်းကို ရှာရအောင် .. နံရံတွေကို အသေးစိတ် ရှာကြ''

လေးယောက်သား အခန်းအတွင်း နံရံလေးဘက်ကို လက်ဖဝါးဖြင့် ကပ်ပြီး စစ်ဆေးကြရာ '' ဒီမှာ တွေ့ပြီ'' ဟု ရွှေသိုက်က အော်လိုက်၏ ။ အားလုံးသွားကြည့်သောအခါ နံရံတွင် ဝ.၂ခာ ခန့် ကျယ်ပြီး ၄ခာ ရှည်သော အက်ကြောင်းကို တွေ့ရလေသည် ။

'' ဒီလောက်ဆို ဒီကောင် ကောင်းကောင်း ဝင်နိုင်တာပေါ့ .. ယင်ကောင် ဒါမှ မဟုတ် ပျားကလေးအသွင်နဲ့ ဝင်လာနိုင်တယ်.. ဒီအခန်းကို ခြေရာခံဖို့ မလွယ်လှဘူး.. ကဲ မင်းတို့ အပြင်က ဝတ် လာတဲ့ အဝတ်အစားတွေကို စစ်ကြည့်စမ်း.. ဘာပစ္စည်းပါသလဲ''

ရွှေသိုက်နှင့် သျှားလူတွင် ဘာပစ္စည်းမှ မတွေ့သော်လည်း သံဒိတ်တွင် ပစ္စည်းသုံးမျိုး တွေ့ရ၏ ။ ညနေခင်း အိမ်မပြန်မီ

အခြားသူငယ်ချင်းတစ်ဦးနှင့်အတူ စားသောက်ဆိုင်တခုတွင် စားခဲ့၏ ။ ဆိုင်မှ ကျသင့်ငွေစာ ဆိုင်၏ လိပ်စာကဒ် နှင့် သော့ချိတ်တခု ပေးလိုက်သည် ကို ဘောင်းဘီအိတ်ထဲ ထည့်ထား၏ ။

''ကျွန်တော် သူငယ်ချင်းနဲ့ xxx ဆိုင်မှာ သွားစားကြတယ်.. ညမှာ လိပ်ပြာလွှင့်မှာ မို့ သက်သက်လွတ် စားခဲ့ပါတယ်''

ပရောဖက်ဆာသည် ပြုံးလိုက်ပြီး

'' ဒိတ် ရေ .. မင်းက တကယ့်အောက်လမ်းဆိုင်ကြီးမှာ သွားစားခဲ့တာကိုး.. ခြေရာခံပြီး လိုက် လာတာကွ''

''ကျွန်တော်တို့ ရန်သူလဲ မဟုတ်ဘဲ .. ဘာလို့ နှောက်ယှက်တာလဲ''

''အော် .. အောက်လမ်းနဲ့ အထက်လမ်း က ပြဒါးတလမ်း သံတလမ်းဘဲ .. ပြိုင်ဘက်လေကွာ''

နံရံပေါ်မှ အက်ကွဲကြောင်းကို ပျားဖယောင်း ပိတ်ပြီး ပရောဖက်ဆာကြီးက ဂါထာ တပုဒ်ကို ခပ်ထန်ထန် ရွတ်၍ လက်ဖြင့် အတားအဆီး လုပ်လိုက်သည် ။

''နောက်တခါ .. ဒီအခန်းထဲကို အပြင်က ပစ္စည်းတွေ ပါမလာအောင် သတိထားကြ''

*******

# (၇)

ဝိညာဉ်လိပ်ပြာ လွှင့်သည့်အတတ်ကို အောင်မြင်ပြီးသား လူများ

အဖို့ ကိုယ်ကြိုက်သည့် အသွင် အပြင်ကို ဖန်တီးနိုင်ကြပြီး တစ်ဦးကို တစ်ဦး မြင်နိုင်ကြသည် ။ တွေ့မြင်လုပ်ဆောင်သမျှကိုလည်း အိပ်ရာနိုးသည် နှင့် အသေးစိပ် မှတ်မိနိုင်၏ ။ ပရောဖက်ဆာ ဦးသံစစ်သည် တူတော်မောင် သံဒိတ်နှင့် သူငယ်ချင်း နှစ်ဦးကို လိပ်ပြာလွင့်ပညာကို တဆင့်ပြီးတဆင့် လေ့ကျင့်ပေးနေလေသည် ။

''မင်းတို့ သုံးယောက် ကိုယ်ကြိုက်တဲ့ ပုံသဏ္ဍာန်နဲ့ သွားချင်တဲ့ နေရာရောက်အောင် လိပ်ပြာလွင့် နိုင်ကြပြီ။ ကိုယ်တွေ့ချင်တဲ့ သူနဲ့ တွေ့နိုင်အောင် ကျင့်ကြဖို့ ကြိုးစားပါ။ စိတ်အာရုံကို စုစည်းနိုင်ရင် မ အိ ပ် ခ င် မှာ ကိုယ်တွေ့ချင်တဲ့ သူဆီ ဝိညာဉ်လိပ်ပြာလွင့်ဖို့ အာရုံပြုအိပ်လိုက်တာနဲ့ ဝိညာဉ်လိပ်ပြာက ရောက်သွားပြီး မနက် လင်းတာနဲ့ အားလုံးမှတ်မိနေတယ်''

''ကိုယ်သွားတွေ့ထားတဲ့ လူကရော ညက အဖြစ်အပျက်ကို မှတ်မိပါ့မလား ဆရာ''

''အဆင့်အနိမ့်ဆုံးဖြစ်တဲ့ ရိုးရိုးတန်းတန်း အိပ်ပျော်ရင်း လိပ်ပြာလွင့်တဲ့ လူက လွဲရင် မှတ်မိကြပါ တယ်'' ဝိညာဉ်လိပ်ပြာလွင့်နိုင်တဲ့ ပညာရှင်အချင်းချင်း အိပ်ပျော်ပြီး လိပ်ပြာလွင့်ချိန်မှာ ယှဉ်ပြိုင်တိုက်ခိုက်ကြ တယ်''

''မင်းတို့ ကူညီ ကယ်တင်ရမယ့် ကိစ္စတစ်ခု ရှိနေတယ်..တို့ လူမျိုး တို့ ဘာသာဝင် မိန်းခလေး တစ်ဦးကို ဘာသာခြား အောက်လမ်းသမားက လိပ်ပြာလွင့်ပြီး လိုက်နှောက်ယှက်နေတယ်''

''အဲဒီ မိန်းခလေးကရော .. ဝိညာဉ်လိပ်ပြာလွင့်တဲ့ ပညာရှင်လား.. အန်ကယ်''

''နိုး.. သူက သာမန်ရိုးရိုး အိပ်ပျော်ရင်း လိပ်ပြာလွင့်တာကို

အောက်လမ်းသမားက အခွင့်အရေး ယူတာကွ.. ဟိုမိန်းကလေးက အိပ်ယာက နိုးရင် ဘာမှ ရေရေရာရာ မမှတ်မိတော့ဘူး''

''မိန်းခလေးက ဆွေကြီးမျိုးကြီး .. တကယ့် ဗုဒ္ဓဘာသာ စစ်စစ်တွေဘဲ.. တို့ ကာကွယ်ကြရမယ်.. ဒီည .. တွေ့ကြရအောင်''

ထိုညတွင် ပရောဖက်ဆာ သံစစ် ခေါင်းဆောင်ပြီး သံဒိတ် ရွှေသိုက်နှင့် သျှားလူတို့ ဝိညာဉ် လိပ်ပြာ လွှင့်ကြ၏ ။ လူရွယ်သုံးဦးမှာ မိမိတို့ ပင်ကိုသဏ္ဍာန်အတိုင်း ယူပြီး ပရောဖက်ဆာကြီးမှာ အသက်၃၀ အရွယ် နုပျိုသော အသွင်ကို ယူထား၏ ။ ပရောဖက်ဆာ ၏ လမ်းညွှန်မှုဖြင့် ရန်ကုန်မြို့ xxxx ရပ်ကွက်ကြီးသို့ ပျံသန်းလာကြလေသည် ။

*******

## (၈)

ခြံဝင်းကျယ်ကြီးအတွင်း သစ်ပင် ပန်းမန်များကြားတွင် ဝိညာဉ်လိပ်ပြာတစ်ကောင်သည် ပတ်ဝဲပျံ သန်းရင်း တခုခုကို စောင့်မျှော်နေ၏ ။ ပရော်ဖက်ဆာက ဒိတ်တို့ အား ထိုလိပ်ပြာကို ညွှန်ပြလိုက်ရာ အားလုံး စောင့်ကြည့်နေကြသည် ။ များ မကြာမီ တိုက်အိမ်ကြီးထဲမှ အမျိုးသမီး ဝိညာဉ်လိပ်ပြာသည် တဖြေးဖြေး လွင့်လာ လေသည် ။ ထိုအခါ စောင့်မျှော်နေသော ဝိညာဉ်လိပ်ပြာသည် အမျိုးသမီးလိပ်ပြာကို ကြိုဆို၍ ယှဉ်တွဲ ပျံသန်း သွားကြတော့သည် ။

စောင့်နေသော ဝိညာဉ်လိပ်ပြာသည် လူရည်သန့် ခန့်ခန့်ညားညား

လည်ကတုံး တိုက်ပုံ ပိုးကျစ် ပုဆိုးတို့ ဖြင့် ရှင်းသန့်နေအောင် ဖန်တီးထားသော အောက်လမ်းသမား ဖြစ်၏ ။ အမျိုးသမီးလေးမှာ ရိုးရိုးသားသား လုံချည်နှင့် စပို့ရှပ်လက်ရှည်လေးကို ဝတ်၍ ချစ်စဖွယ်ရှိနေ၏ ။

လိပ်ပြာမောင်နှံ ပျံသန်းရာသို့ မလှမ်းမကမ်းမှ ပရောဖက်ဆာတို့ လိုက်လာကြ၏ ။ အောက်လမ်း သမားလိပ်ပြာသည် အမျိုးသမီးလေးကို နှုးနပ်ပြီး ကန်တော်ကြီးဘက်သို့ ခေါ်သွား၏ ။

'' ဒီကောင် .. မိန်းခလေးကို အပျော့ဆွဲနေတာ ကြာပြီကွ .. ဘာမှ မလုပ်သေးလို့ ကြည့်နေရ တာ .. ဒီနေ့တော့ တွေ့ပြီပေါ့ကွာ''

အော က် လ မ်း သ မား ၏ ဝိညာဉ်လိပ်ပြာသည် မိန်းခလေး၏ ဝိညာဉ်လိပ်ပြာကို အမျိုးမျိုးချော့မြူနေ ၏ ။ ထိုနေရာတဝိုက်တွင် အခြားဝိညာဉ်လိပ်ပြာများ လည်း မရှိဘဲ ရှင်းနေ၏ ။ ပရောဖက်ဆာတို့ လေး ဦး ၏ လိပ်ပြာများကလည်း သစ်ပင်များကြားတွင် ပုန်းလျှိုးကွယ်လျှိုး ရှိနေ၍ အောက်လမ်းသမားက ပိုရဲတင်းလာကာ အဆုံးစွန် မိုက်ရိုင်းရန် အားထုတ်လေသည် ။ မိန်းခလေး၏ လိပ်ပြာသည် တကယ်တမ်းတွေ့ကြုံလာသောအခါ လက်သင့်မခံဘဲ အစွမ်းကုန် ရုန်းကန်တိုက်ခိုက်တော့၏ ။ မိန်းခလေး အရှုံးပေးရတော့မည် အခြေအနေတွင် ပရောဖက်ဆာတို့ အဖွဲ့က ဝင်ရောက် ဟန့်တားကြ၏ ။

သျှားလူ နှင့် သံဒိတ် က မိန်းခလေး၏ လိပ်ပြာကို ဖေးမခေါ်ထုတ်သွားပြီး ပရော်ဖက်ဆာက အောက်လမ်းသမားကို တိုက်ခိုက်လေသည် ။ အောက်လမ်းသမားသည် အမျက်ပြင်းစွာထွက်၍ ပြန်လည်တိုက် ခိုက်လေသည် ။ ဝိညာဉ်လိပ်ပြာနှစ်ကောင်သည်

အပြင်းအထန် တိုက်ခိုက်ကြရာ မီးပွင့်များ ဖြာထွက် လာလေ သည် ။ ရွှေသိုက်သည် ကြည့်နေရင်း ဆရာဖြစ်သူကို စိုးရိမ်ပူပန်စွာဖြင့် သတ်ကွင်းထဲသို့ ဓွတ်ဝင်လိုက်ရာ အောက်လမ်းသမားသည် ယုတ်မာစွာဖြင့် ရွှေသိုက်၏ လိပ်ပြာကို ဖမ်းချုပ်ထား လိုက်လေသည် ။

အောက်လမ်းသမားသည် ရွှေသိုက်ထက် ပညာ အဆင့်မြင့်သည့်အပြင် အတွေ့အကြုံများ သည့် အတွက် ရွှေသိုက်ဘာမှ ပြန်မလုပ်နိုင်ဘဲ အမိခံလိုက်ရသည် ။ ပရောဖက်ဆာသည် လည်း တပည့်ဖြစ်သူကို ဖမ်းချုပ်ထား၍ စိတ်တိုင်းကျ မတိုက်ခိုက်နိုင်တော့ချေ။ အောက်လမ်းသမားသည် ရွှေသိုက်၏ လိပ်ပြာကို တရွတ်တိုက် ဆွဲ၍ ပုံ့သန်းထွက်ပြေးလေသည် ။ ပရောဖက်ဆာသည် အနောက်မှ ပုံ့သန်း၍ လိုက်ရာ သျှားလူ နှင့် သံဒိတ်သည် မိန်းခလေးကို ခေါ်၍ လိုက်လာကြ၏ ။

*******

## (၉)

''ဒိတ်.. ရေ .. ဟိုမိန်းခလေးကို အမြန်ပြန်ပို့ပြီး အိမ်ကိုလိုက်ခဲ့.. တို့ လုပ်စရာ ရှိတယ် .. သျှားလူ လာ'' ပရောဖက်ဆာသည် သံဒိတ်ကို အော်ပြောလိုက်ပြီး အိမ်သို့ တန်းပြန်လေသည် ။

လိပ်ပြာလွှင့်ရာ အခန်းသို့ရောက်သောအခါ ပရောဖက်ဆာနှင့် သျှားလူသည် မိမိတို့ ခန္ဓာကိုယ်ထဲ သို့ ဝင်လိုက်ရာ အိပ်ယာမှ နိုးလာကြ၏ ။ ပရောဖက်ဆာသည် အိပ်ပျော်နေသော ရွှေသိုက်၏ ဒွါရ ကိုးပေါက် အား အောက်လမ်းပယောဂများ မဝင်နိုင်စေရန်

ဂါ ထာ ရွ တ် ၍ ပိတ်ဆို့လိုက်ပြီး ရေစင်ဗူခွက်အား အသစ်လဲခြင်း ဖယောင်းတိုင်အသစ် ထွန်းညှိခြင်း စည်းဝိုင်းနှင့် ကြယ်ကြီးအား ပြန်လည် မွမ်းမံခြင်းများကို လုပ်ဆောင်လေ သည် ။

သံဒိတ်ပြန်ရောက်လာသောအခါ ရွှေသိုက်အား ကယ်ဆယ်ရေးအတွက် တိုင်ပင်ဆွေးနွေးကြ၏ ။

''ဒိတ် နဲ့ သျှားလူက ရွှေသိုက်ရဲ့ ခန္ဓာကိုယ်ကို စောင့်ရမယ် .. ခြင်တကောင် ယင်တစ်ကောင် တောင် မနားစေနဲ့ ''

သံဒိတ်နှင့် သျှားလူအား အကာအကွယ်အဖြစ် လက်ဖွဲ့များ ပါသော ပရိတ်ကြိုး နှင့် သိမ်ဝင်ပုတီး ကို စွပ်ပေးလိုက်ပြီး သိဒ္ဓိဝင်ကြိမ်လုံးတစ်ချောင်းနှင့် မှော်ဝင်နှင်တံကို ပေးလိုက်ပြီး တခန်းလုံးကို ရေစင် ပရိတ်ရေတို့ ပတ်ဖြန်းကာလိုက်သည် ။ ပရောဖက်ဆာတစယောက်တည်း အပြင်ထွက်မည်ဖြစ်၍ အိပ်ယာပေါ် လှဲအိပ်လိုက်သည် ။ သံဒိတ်က ရွှေသိုက်၏ ခေါင်းရင်းတွင် ဖုံပေါ်၌ တင်ပလင်ခွေထိုင်ပြီး မှော်ဝင်နှင်တံကို ပေါင် ပေါ် ကန့်လန့်တင်ထား၏ ။ ရွှေသိုက်၏ ခြေရင်းတွင် သျှားလူက သိဒ္ဓိဝင်ကြိမ်လုံးကို ပေါင်ပေါ်တင်ပြီး ထိုင်နေ ၏ ။

ပရောဖက်ဆာသည် အိပ်ယာပေါ်တွင် ပက်လက်အိပ်ပြီး စိတ်ကိုဖြေလျှော့ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေသည် ။ ပ ရော ဖ က် ဆာ ၏ ဝိညာဉ်လိပ်ပြာသည် ပင်ကိုယ်သဏ္ဍာန်အတိုင်း ပျံဝဲနေပြီးမှ အိမ်အပြင်သို့ ပျံသန်းသွားလေသည် ။ ပရောဖက်ဆာ ၏ လိပ်ပြာသည် မြို့တွင်းတွင် လှည့်ပတ်ပျံသန်းနေရာ မြို့ အလယ်ရှိ အထပ်မြင့် ကွန်ဒိုတိုက်ခန်းတလုံး၏ အနားသို့ အရောက်တွင် အာရုံကြောများ တဖျင်းဖျင်းဖြစ်လာ၍ အာရုံတွင် ရန်သူ၏

အနံ့အသက်ကို ခံစားရလေသည် ။ ရန်သူ၏ဧရိယာနားရောက်နေပြီ ဖြစ်ကြောင်း ခံစားရ၍ မိမိ၏ ပင်ကိုယ်သဏ္ဍာန်ကို ပျားငယ်လေးအသွင် ပြောင်းလိုက်၏ ။

ပ ရော ဖ က် ဆာ ၏ ဝိညာဉ်လိပ်ပြာ ပျားကလေးသည် ကွန်ဒိုကြီး တခုလုံး တထပ်ချင်း ပျံသန်းပြီး ရန်သူကို ရှာဖွေနေရင်း အပေါ်ဆုံးအထပ်တွင် ရန်သူရှိကြောင်း သိသွား၏ ။ ပျားကလေးသည် တိုက်ခန်းထဲဝင် ရန် ဝင်ပေါက်လိုက်ရှာရာ အိမ်တွင်းသို့ သွယ်သော ရေပိုက်နဘေးမှ အပေါက်ကလေးတွေ့၍ အိမ်တွင်းသို့ ဝင် သွားလေသည် ။

တိုက်ခန်း၏ ဧည့်ခန်းကြီးကို ကဝေဌာနချုပ်ကဲ့သို့ ပြင်ဆင်ထား၏ ။ ခန်းမကြီးထဲတွင် မှောင်မဲနေ စေရန် ပိုးခန်းစည်းအမည်းများ တပ်ထား၏ ။ ခန်းဆီးအမည်းတွင် ကြက်သွေး ပန်းပြောက်များ ဖော် ထား ၍ ပိုပြီး ကြောက်စရာကောင်းနေသည် ။ အခန်းထဲတွင် လူတိုင်းမြင်လောက်သော နေရာ၌ မကောင်းဆိုးဝါး နတ်မိစ္ဆာပုံ ကြီးကို ယက်ဖော်ထားသော ကန့်လန့်ကာကြီးကို ချိတ်ဆွဲထား၏ ။ ကန့်လန့်ကာကြီးရှေ့တွင် ယဇ်ပလ္လင်ရှိပြီး ဖယောင်းတိုင်ထွန်းသည့်ခွက်များ ခွက်သောက်ဖလားများ သည် အားလုံးအနက်ရောင် ဖြစ်၏ ။ အောက်လမ်းသ မားများ ထိုင်ရန် ကြက်သွေးရောင် ကူရှင်တပ် ခုံအနက်များ တန်းစီထား၏ ။ နံရံကပ်မီးလုံးမှာ လူ့မျက်လုံးပုံ ဖြစ် ပြီး မျက်လုံးထဲမှ မီးရောင်များ ဖြာထွက်နေပုံမှာ ကြက်သီးထစရာ ကောင်းလှ၏ ။

*******

## (၁၀)

အောက်လမ်းသမားများ ရောက်မလာသေးဘဲ အခြားနေရာများ သို့ သွားနေပုံရ၏ ။ ပျားကလေး သည် ခန်းမနှင့် မျက်နှာချင်းဆိုင်ရှိ တံခါးပိတ်ထားသော အခန်းတွင်းသို့ တံခါးနှင့် ကြမ်းပြင်ကြား နေရာလွတ် ကလေးမှ ဝင်သွားလေသည် ။ အခန်းတခုလုံး ရှင်းသန့်နေပြီး ပြင်ပမှ အလင်းရောင် မလင်းတလင်းဝင်နေ၏ ။ အ ခ န်း ၏ ထောင့်တနေရာတွင် ရွှေသိုက်သည် ဒူးနှစ်ဖက်ပိုက်ပြီး ပိုက်ထားသော လက်ပေါ် ခေါင်းတင်ပြီး ထိုင်နေ၏ ။

ပရော်ဖက်ဆာသည် တပည့်ဖြစ်သူအား တွေ့လိုက်သောအခါ ရင်ထဲတွင် ကျင်ကနဲ ခံစားလိုက်ရ ၏ ။ ရွှေသိုက်အနားသို့ ပျံသွားလိုက်ရာ ရွှေသိုက်၏ အနား ပတ်ဝန်ကျင်တွင် ပင့်ကူမျှင်ကဲ့သို့ အမျှင်များ ဖြင့် ကာဆီးထားလေသည် ။ ပျားကလေးသည် ပင်ကိုသဏ္ဍာန်ကို ပြောင်းလိုက်ပြီး

''ရွှေသိုက်.. ရွှေသိုက်.. ဆရာပါ .. သတိရတယ်.. မဟုတ်လား''

ရွှေသိုက်သည် ပရောဖက်ဆာ၏ အသံကို ကြားလိုက်သောအခါ ချက်ချင်းခေါင်းထောင်ပြီး မတ်တပ်ထရပ်လေသည် ။ ဆရာဖြစ်သူကို အားကိုးတကြီး ကြည့်လိုက်ပြီး

''ဆရာ .. ဆရာလိုက်လာသလား.. ကျွန်တော် မကြောက်ပါဘူး.. ဆရာ သတိထားနော် .. ဒီကောင်တွေ အဆင့် မနိမ့်လှဘူး ဆရာ''

''အေး..အေးပါကွာ .. မင်းလည်း အဆင့်ရပြီးသားဘဲ .. မင်းဒီမှာ ခဏနေလိုက်အုန်း.. ဒီကောင်တွေ ဘာကြံစည်နေသလဲ သိရအောင်

စုံစမ်းရမယ်.. မင်းကို ဘာမှ ဒုက္ခပေးလို့ မရဘူး..ကြားလား''

ပရော်ဖက်ဆာသည် ပျားကလေးသဏ္ဍာန် ပြန်ယူ၍ ပျံသန်းသွားလေသည် ။

ထိုအချိန်တွင် ပရော်ဖက်ဆာ၏ တိုက်ကြီးထဲမှ လိပ်ပြာလွှင့်ရာအခန်းထဲရှိ သံဒိတ် နှင့် သျှားလူ သည် မနေနိုင်လောက်အောင် အိပ်ချင်လာကြ၏ ။ အိပ်မပျော်စေရန် မနည်း အားတင်းထားရ၏ ။

''ဒိတ်ရေ .. အိပ်ချင်လိုက်တာကွာ .. မျက်လုံးတောင် မဖွင့်နိုင်တော့ဘူး''

''သျှား.. မအိပ်နဲ့ .. ငါလည်း ဒီလိုဘဲ .. ထထ မတ်တပ်ရပ် .. တို့ ရွှေသိုက်ကို ပတ်ပြီး လမ်းလျှောက်ကြမယ်''

သံဒိတ်နှင့် သျှားလူသည် ကျောချင်းကပ်လိုက်ပြီး ရွှေသိုက်ခန္ဓာကိုယ်ရှိရာ စက်ဝိုင်းကို ပတ်၍ လမ်းလျှောက်ကြလေသည် ။ နှုတ်မှ လည်း မန္တာန် တပုဒ်ကို ခပ်ထန်ထန် ရွတ်ကြလေသည် ။ တဖြေးဖြေး အိပ်ချင် စိတ်များ ပြေပျောက်ကာ အားမာန်ပြည့်သွားကြ၏ ။

များ မကြာမီ ပရောဖက်ဆာ ပြန်ရောက် လာပြီး ဝိညာဉ်လိပ်ပြာသည် ခန္ဓာကိုယ်ထဲသို့ ဝင်၍ အိပ်ပျော်ရာမှ နိုး လာလေသည် ။ ပရော်ဖက်ဆာက ရွှေသိုက်၏ အခြေအနေကို ပြောပြပြီး သုံးယောက်သား အလှည့်ကျ အနားယူကြသည် ။

*******

(၁၁)

ရွှေသိုက်ကို ကယ်တင်ရာတွင် အောက်လမ်းသမားအား ယှဉ်ပြိုင်နိုင်ရန်အတွက် ပရောဖက်ဆာ သည် အထက်ဆရာကြီးများ ၏ အကူအညီ ကို ခံယူလေသည် ။ ပရောဖက်ဆာ၏ တိုက်ကြီး အပေါ်ထပ်ရှိ ဘုရားခန်းကျယ်ကြီးထဲတွင် ဘုရားပွဲနှင့် အထက်ဆရာကြီးများ အတွက် ငှက်ပျောပွဲများကို တန်းစီပြီး ပြင်ဆင် ထားလေသည် ။ ကြာဖြူပွင့်ကြီးအလယ်တွင် တင့်တယ်စွာ စံပါယ်နေသော ဘုရားဆင်းတုရှေ့တွင် ရှေ့ဟောင်း ဘုရား၊ သိုက်ဘုရား၊ ဆင်ခံ၊ မြင်းခံဘုရား ဘုရားဆင်းတုမျိုးစုံသည် ဘုရားခန်းကြီး၏ သုံးပုံတစ်ပုံခန့် ကျွန်းရောင် ဝင်းလက်နေသော ဘုရားစင်ထက်တွင် နေရာယူထား၏ ။ ဘုရားများ ၏ ရှေ့ နဘေးတို့ တွင် ရွှေပန်းအိုးကြီးများ ဖြင့် လှပမွှေးကြိုင်သော ပန်းရောင်စုံများကို ဝေဝေဆာဆာ ထိုးစိုက်ပူဇော်ထားလေသည် ။ ဘုရားခန်း၏ ဘေး ပြူတင်းပေါက်ရှည်ကြီးတွင် ဖြူအုဖွေးဆွတ်နေသော ဇာခန်းစီးများကို ပိုးစအဖြူဖြင့် တွဲဖက် ဆင်ယင်ထား၏ ။

ကြမ်းပြင်ကို နံ့သာရောင် မွေးပွကော်ဇောကြီးဖြင့် တခန်းလုံးခင်းထားပြီး အဲယားကွန်းကို အေးသည် ဆိုယုံ ဖွင့်ထား၏ ။ ဘုရားခန်းထဲသို့ ဝင်လိုက်သည် နှင့် အေးမြမွှေးကြိုင်ပြီး ရင်ထဲတွင် ငြိမ်းချမ်းသွား တော့သည် ။

ပရောဖက်ဆာ နှင့် သံဒိတ်သည် ဝတ်ဖြူစင်ကြယ်ကို ဝတ်ပြီး ဘုရားစင်နှင့် ငှက်ပျောပွဲများ ရှေ့ တွင် သေသေဝပ်ဝပ် ထိုင်ပြီး အာရုံပြုနေကြ၏ ။ တနာရီခန့် ဝတ်ပြု ဆုတောင်း အမျှဝေ မေတ္တာပို့ပြီး

လိပ်ပြာ လွင့်ရာ အခန်းသို့ ဆင်းလာကြ၏ ။

ရွှေသိုက်ကတော့ စက်ဝိုင်းအတွင်း အိပ်ယာပေါ်တွင် အေးချမ်းစွာ အိပ်ပျော်နေလေသည် ။ ပရောဖက်ဆာသည် စက်ဝိုင်း နှင့် ကြယ်ကို ထပ်မံဆွဲလိုက်ပြီး ရေစင်များ လဲလှယ်ခြင်း ဖယောင်းတိုင်ကြီးများ ထွန်းညှိခြင်းတို့ ပြုလုပ်ကာ ရွှေသိုက်၏ခေါင်းမှ စ၍ခြေဖဝါးအထိ လက်ဝါးဖြင့် သပ်ကာ မန္တာန်းရွတ်၏ ။ ရွှေသိုက်အား အန္တရာယ် မပြုနိုင်စေရန် အကာအကွယ်များ ပြုလုပ်ပေးပြီး သျှားလူ နှင့် သံဒိတ် ကို စောင့်စေကာ ကားတစ်စီးဖြင့် ထွက်သွား၏ ။

ပရောဖက်ဆာသည် သူငယ်ချင်းဖြစ်သူ အထက်လမ်းသမား ဦးကျော်ဒွန်း ထံ လာခဲ့ခြင်းဖြစ်သည် ။ ဦးကျော်ဒွန်းသည် ဝိညာဉ်လိပ်ပြာလွင့်ပညာ၌ ပရောဖက်ဆာ နှင့် အဆင့်တူပြီး လိပ်ပြာလွင့်ဘက် ဆွေးနွေးတိုင် ပင်ဘက် ဖြစ်သည် ။

''ဖြစ်စဉ်ကတော့ .. ဒါဘဲ သူငယ်ချင်း.. ငါ့တပည့်ကို အမြန်ဆုံး ကယ်ထုတ်ရမယ် .. ကြာ သွားရင် မကောင်းဘူး''

''ဖြစ်တတ်ပါတယ် ..သံစစ်ရာ .. မင်းတို့ တွေ့တာက ဘာသာခြား အောက်လမ်းသမားဆိုတော့ ပိုသတိထားရမယ် .. ဒီကောင်တွေက ကောက်ကျစ်တယ် .. ငါကိုယ်တိုင် လိုက်မယ်''

''ကျေးဇူးပဲကွာ .. တို့ သုံးယောက် ထွက်တိုက်မယ် .. အိမ်မှာ နှစ်ယောက်စောင့်မယ်.. မင်းနဲ့ တစ်ယောက်ခေါ်ခဲ့အုံး''

''အတော်ဘဲ .. အိမ်မှာ ငါ့တူမလေး တစ်ယောက် ရောက်နေတယ်.. သူလဲ ဒီပညာကို လိုက်စားခဲ့တာ ကြာပြီ.. အဆင့်လည်း ရနေပြီ''

''ကောင်းတယ် .. ခေါ်ခဲ့ပါ ..မင်းတူမလေးကို အိမ်မှာ စောင့်ရှောက်ဖို့

ထားကြမယ်''

သူငယ်ချင်းနှစ်ယောက် ဆွေးနွေးတိုင်ပင်ပြီး လမ်းခွဲလိုက်ကြသည် ။

*******

## (၁၂)

အရေးကြီးသော ကိစ္စတစ်ရပ် ဆောင်ရွက်မည်ဖြစ်၍ ပရောဖက်ဆာတို့ အဖွဲ့ ညစာကို သက်သက် လွတ် စားကြသည် ။ လိပ်ပြာလွင့်ရာအခန်းကို အသေးစိပ် စစ်ဆေးပြီး အကာအကွယ် လုပ်ကြ၏ ။ ညရနာရီခန့် တွင် အထက်လမ်းသမား ဦးကျော်ဒွန်း နှင့် မိန်းခလေးတစ်ဦး ကားဖြင့် ရောက်လာ၏ ။ အိမ်ထဲသို့ ဝင်လာသော ဦးကျော်ဒွန်း နှင့်ပါလာသည့် မိန်းခလေးကို ကြည့်ပြီး သံဒိတ်သည် ငေးကနဲ ဖြစ်သွား၏ ။ ဖြူစင်ချောမွတ်သော အသားအရည် မြင့်မားသွယ်လျသော အရပ်အမောင်းနှင့် ပြောစရာမရှိလောက်အောင် ပြေပြစ်လှပသော မျက်နှာ တင့်တယ်ခြင်း ကျက်သရေရှိခြင်းတို့ ဖြင့် မိန်းခလေးသည် အခန်းထဲ ဝင် လာလေသည် ။

ကျောလယ်ခန့်ရှိ ဆံပင်အုံထူထူကို ခေါင်းပေါ်တွင် မမြင့်တမြင့် စည်းထားပြီး တီရှပ်ဆင်စွယ် ရောင်လက်ရှည် နှင့် ဂျင်းဘောင်းဘီ မိုးပြာရောင်ကို ဝတ်ဆင်ထား၏ ။ ဘယ်လက်ကောက်ဝတ်တွင် ရွှေရောင် နာရီ အဝိုင်းလေးတလုံး ပတ်ထားသည် မှ လွဲ၍ ရတနာများ ဝတ်ဆင်ထားမှု မရှိချေ။ တမျက်နှာလုံးတွင် အထူးခြားဆုံးမှာ ဝင်းစက်တောက်ပနေသော မျက်လုံးများ ဖြစ်၏ ။

''သံစစ်ရေ .. ဒါ.. ငါ့တူမလေး ..သစ္စာ ..ကိုလ်ရီးယားက တက္ကသိုလ်မှာ ညွှေ့ပါမောက္ခ အခု ပြန်လာတာ မကြာသေးဘူး.. သမီး ဒါက ပရောဖက်ဆာ သံစစ် သူ့တူ သံဒိတ် နဲ့ ဟို သူငယ်လေးက ဘယ်သူ''

''သျှားလူပါ ..ခင်ဗျာ''

''အေးအေး .. ကဲ .. ဒီည အရေးကြီးတဲ့ အတွက် သတိဝိရိယ ရှိရမယ်နော်''

အားလုံး လိပ်ပြာလွှင့်မည့် အခန်းထဲသို့ ရောက်သောအခါ ဦးကျော်ဒွန်း - ပရောဖက်ဆာ နှင့် သျှားလူတို့ သုံးဦး လိပ်ပြာလွှင့်ရန် စီစဉ်ကြလေသည် ။ သန့်စင်သော ဝတ်စုံလဲခြင်း အိပ်ရာပြင်ခြင်းများ လုပ်ကြ၏ ။ အခန်းတွင် စောင့်ကြမည့် သံဒိတ်နှင့် သစ္စာ တို့ ကို ပရိတ်ကြိုးများ လက်ဖွဲ့များ စိတ်ပုတီးများ စွပ်ပေးလိုက်သည် ။ ရွှေသိုက်၏ ခန္ဓာကိုယ်ကတော့ အသက်မှန်မှန် ရှူပြီး အိပ်ပျော်နေဆဲ ဖြစ်၏ ။

မကြာမီ ပရောဖက်ဆာ ၊ ဦးကျော်ဒွန်း နှင့် သျှားလူတို့ ၏ ဝိညာဉ်လိပ်ပြာများ သည် အိမ်အပြင်သို့ စတင်ပျံသန်းသွားကြလေသည် ။ အခန်းထဲတွင် ကျန်ခဲ့သော သံဒိတ် နှင့် သစ္စာ တို့ နှစ်ဦးသည် ရွှေသိုက်၏ ခေါင်းရင်း ခြေရင်းတွင် နေရာယူလိုက်ကြပြီး မန္တာန် တပုဒ်ကို စတင်ရွတ်ဆိုကြ၏ ။ တခန်းလုံး တိတ်ဆိတ်ငြိမ် သက်နေပြီး လူနှစ်ယောက်၏ မန္တာန်ရွတ်သံသာ လွှမ်းမိုးနေလေသည် ။

ပရောဖက်ဆာ သံစစ်ဦးဆောင်ပြီး ပျံသန်းလာသော ဝိညာဉ်လိပ်ပြာ ၃ဦးသည် ရွှေသိုက်ကို ဖမ်းချုပ်ထားသော အောက်လမ်းဌာနရှိရာသို့ ရောက်လာကြ၏ ။ အဆောက်အဦးကြီးကို ဝိုင်းပတ် ပျံသန်းရင်း

အခြေအနေကို လေ့လာနေကြစဉ် အောက်လမ်းသမား ဝိညာဉ်လိပ်ပြာများ သည် နှစ်ကောင်တွဲပြီး အခန်းကြီးထဲ ဝင်သွားကြ၏ ။ ကဝေဘွာနချုပ်ကြီးထဲတွင် ဝတ်ရုံအနက်ကြီးများ ဝတ်ဆင်ထားသော မှတ်ဆိတ်ရှည်ရှည်ဖြင့် အောက်လမ်းသမားများ သည် ကြက်သွေးရောင် ကူရှင်တပ်ထားသော ထိုင်ခုံအနက်များ ပေါ်တွင် ထိုင်နေကြ၏ ။

အောက်လမ်းသမားတစ်ဦးက ယဇ်ပလ္လင်ရှေ့ရှိ ခွက်အနက်များ ထဲတွင် ဖယောင်းတိုင်များကို စိုက်ပြီး ထွန်းညှိလိုက်သည် ။ ယဇ်ပူဇော်ပွဲ စတော့မည်။

*******

## (၁၃)

ထိုအချိန်တွင် ပရောဖက်ဆာ၏ လမ်းညွှန်မှုဖြင့် ရွှေသိုက်ကို ဖမ်းချုပ်ထားရာသို့ ရောက်လာကြ သည် ။ ပရောဖက်ဆာတို့ ကို တွေ့သောအခါ ရွှေသိုက်သည် ရွှင်လန်းတက်ကြွလာ၏ ။ ရွှေသိုက်ကို ကာဆီးထား သော မှော်ပင်းကူမျှင်များကို ဦးကျော်ဒွန်းသည် အထက်လမ်းဆရာကြီးများ သိန္ဒိတင်ထားသော ကိုးသင်္ချိုင်း သံခါးဖြင့် ဖြတ်တောက်ရာ ပင့်ကူမျှင်များ ပြတ်သွားသည် နှင့် ရွှေသိုက်၏ ဝိညာဉ်လိပ်ပြာသည် ပျံသန်းပြီး ပရောဖက်ဆာတို့ နှင့် ပူးပေါင်းလေသည် ။

အောက်လမ်းခန်းမကြီးထဲတွင် အောက်လမ်းသမားတစ်ဦးက ဆိတ်အနက်ကလေးတစ်ကောင်ကို ပွေ့ချီ လာပြီး ခြေလက်တို့ ကို ကြိုးတုပ်၍ ယဇ်ပုလ္လင်ပေါ်တွင် ထားလေသည် ။ ဆိတ်နက်လေးသည်

ကြောက်လန့် ၍ တဆတ်ဆတ်တုန်နေပြီး သဲ့သဲ့သာ အော်နိုင်တော့၏ ။ အောက်လမ်းသမား ခြောက်ယောက်သည် ယဇ်ပုလ္လင်ရှေ့တွင် မန္တာန်တပုဒ်ကို ညီးညူသံဖြင့် ရွတ်ဆိုကြပြီး မန္တာန်အဆုံးတွင် အောက်လမ်းသမားတစ်ဦးက ဓါးကောက်ကြီး တစ်ချောင်းဖြင့် ဆိတ်နက်လေး၏ လည်ပင်းကို လှီးဖြတ်လိုက်ရာ ပန်းထွက်လာသော သွေးများ ကို ခွက်အနက်ကြီးဖြင့် ခံယူလိုက်၏ ။

ခွက်နက်ကြီးထဲမှ သွေးများကို အောက်လမ်းသမား ခြောက်ယောက်၏ ဝိညာဉ်လိပ်ပြာများ သည် နှုတ်ခမ်းများ တွင် တေ့ပြီး စုပ်ယူကြ၏ ။ ထို့နောက် ရွှေသိုက်ကို ခေါ်ရန် အခန်းထဲဝင်လာသော အောက်လမ်း သမား နှစ်ဦးသည် ရွှေသိုက် လွတ်မြောက်သွားမှန်း သိသည် နှင့် ''ရန်သူ .. ရန်သူ'' ဟု အော်ဟစ် အချက်ပေး ကြ၏ ။

အိမ်အပြင်သို့ လွတ်မြောက်လာကြသော ပရောဖက်ဆာ တို့ အဖွဲ့သည် တစုတဝေးတည်း ပုံးသန်း ကြ၏ ။ အောက်လမ်းသမားများ သည် ဇီးကွက်သဏ္ဍာန်ယူ၍ အနောက်မှ တဟု န်ထိုး လိုက်လာကြလေသည် ။ ဇီးကွက်ကြီးများကို တွေ့မြင်သည် နှင့် ပရောဖက်ဆာက

''ကျီးကန်းငှက် သဏ္ဍာန်ယူကြ'' ဟု အော်လိုက်ရာ အထက်လမ်းသမား လေးဦးစလုံး ကျီးကန်းကြီး များ သဏ္ဍာန်ပြောင်းပြီး အနောက်မှ လိုက်လာသည့် ဇီးကွက်များကို တိုက်ခိုက်ကြ၏ ။ ညသန်းခေါင်ယံတွင် ကောင်းကင်၌ ကျီးနှင့် ဇီးကွက်တို့ ၏ တိုက်ပွဲသည် ပြင်းထန်စွာ အသေအကြေ တိုက်ကြ၏ ။ အောက်လမ်းသမား များ ဖက်တွင် အဆင့်မြင့် နှစ်ဦးသာ ပါ၍ ပရောဖက်ဆာတို့ နှင့် လက်ရည်တူနေကြပြီး သူမသာ ကိုယ်မသာ ဖြစ်

နေကြသည် ။ ပျံသန်းရင်း တိုက်ခိုက်လာကြရာ ဆူးလေစေတီတော်ကြီးအနားတဝိုက် ရောက်လာကြ၏ ။ ပရောဖက်ဆာသည် ဆူးလေ ဘိုးဘိုးကြီးကို တမ်းတ အကူအညီတောင်းလိုက်သောအခါ ဆူးလေဘိုးဘိုးကြီး၏ ညွှန်ကြားချက်အရ အထက်လမ်းသမားများ သည် ကျီးကန်းများ သဏ္ဍာန်ယူ၍ ဇီးကွက်များကို ဝိုင်းဝန်းတိုက်ခိုက် ပေးကြသည် ။ ကျီးတို့၏ တိုက်ခိုက်မှုကို မခံနိုင်တော့ဘဲ ဇီးကွက်များ ပြန်ပြေးကြတော့၏ ။

အထက်လမ်းသမားများ သည် အောင်ပွဲခံပြီး တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာ နှုတ်ဆက်၍ ပရောဖက်ဆာတို့ အဖွဲ့ အိမ်ပြန်လာကြ၏ ။ ရွှေသိုက်၏ ခန္ဓာကိုယ် လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး နိုးထလာ၏ ။ ပရောဖက်ဆာ၊ ဦးကျော်ဒွန်း နှင့် သျှားလူတို့လည်း နိုးလာကြပြီး ဝမ်းသာအားရ ရှိနေကြသည် ။

*******